အတွဲ - ၃၊ အမှတ် - ၁၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ။

MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ

## မန်းရေနံမြေဒေသခံများအတွက် ဆိုလာစွမ်းအင်သုံး ရေအရင်းအမြစ်တိုးတက်ရရှိရေး MPRL E&P စတင်ဆောင်ရွက်



**မန်းကျိုးကျေးရွာတွင် ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးခြင်းဖြင့် ကျေးရွာဒေသခံ (၁,၅၀၀) ကျော်အတွက် ရေပေးဝေမှုစတင်**

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မန်းရေနံမြေ ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလျာထားချက်များအနက် မန်းကျိုးကျေးရွာတွင် ရေအရင်းအမြစ်တိုးတက်ရရှိရေးအတွက် ဆိုလာစွမ်းအင်သုံး ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပံ့ပိုးမှုကို ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ခဲ့သည်။ အစီအစဉ်အရ မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် ရေအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်လျက်ရှိရာ မန်းကျိုးကျေးရွာနေ ဒေသခံများ သောက်သုံးရေ လုံလောက်စွာ ရရှိစေရန်နှင့် ဒေသခံများအတွက် ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး နောက်ဆက်တွဲကုန်ကျစရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးသည့် ဆိုလာစွမ်းအင်သုံးလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"မန်းကျိုးကျေးရွာရဲ့ ရေတွင်း (၃) တွင်းမှာ MPRL E&P ကုမ္ပဏီက အရင်က ပံ့ပိုးထားတဲ့တွင်းလည်း ပါပါတယ်။ ရှိပြီးသားရေတွင်းတွေက နွေဆိုတော့ရေခမ်းပြီး ရေအရနည်းလာပါတယ်။ အခုရေတွင်းအသစ်ကတော့ ဆိုလာစနစ်သုံးတဲ့ ရေစုပ်စက်နဲ့မို့ လျှပ်စစ်မီးမတည်ငြိမ်တဲ့ကာလတွေမှာ အလွန်အဆင်ပြေပါတယ်" ဟု မန်းကျိုးကျေးရွာသားတစ်ဦးဖြစ်သူ ဦးဝင်းကိုကဆိုသည်။ စာမျက်နှာ - ၄ ➤

## စိုက်ပျိုးတောင်သူများအတွက် ဘိုကာရှီမြေဆွေးထုတ်လုပ်နည်း သင်တန်းပို့ချ

ကမ္ဘာတဝှမ်းတွင် လူတို့၏စားနပ်ရိက္ခာအတွက် ထုတ်လုပ်ထားသည့်အစားအသောက်များ၏ သုံးပုံတစ်ပုံခန့်ရှိသော နှစ်စဉ်ထုတ်လုပ်မှု၏ တန်ချိန် ၁.၃ ဘီလီယံခန့်သည် အမှိုက်အဖြစ် စွန့်ပစ်နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က သတိပေးထုတ်ပြန်ထားရာ အဆိုပါစွန့်ပစ်စားသောက်ကုန်များအတွက် ရေရှည်တည်တံ့မည့်အဖြေတစ်ခုအဖြစ် ဂေဟာစနစ်နှင့်အညီ မြေဆီလွှာအထောက်အကူပြု မြေဩဇာအဖြစ် ပြုပြင်ပြောင်းလဲ ထုတ်လုပ်လာကြသည်။

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P အနေဖြင့် ဒေသခံတောင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနည်းပညာများပံ့ပိုးနိုင်မည့် အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ချိတ်ဆက်ကာ ဆန်းသစ်လွယ်ကူပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စိုက်ပျိုးရေးနည်းလမ်းသစ်များ ပံ့ပိုးမျှဝေခြင်း၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် သဘာဝရွက်ဖြန်းအားတိုးဆေး ထုတ်လုပ်နည်းသင်တန်းများကို အစဉ်တစိုက်ပံ့ပိုးပို့ချလျက်ရှိသည်။ စာမျက်နှာ - ၅ ➤



# အမှတ် (၅) စက်မှုသင်တန်းကျောင်း၏ အပတ်စဉ် (၁၁) သို့ မန်းရေနံမြေ ဒေသခံလူငယ် (၅) ဦး MPRL E&P ပညာသင်ဆုဖြင့် တက်ရောက်ခွင့်ရရှိ

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၌ တတိယအကြိမ်မြောက် တစ်နှစ်တာ ပညာသင်ဆု ချီးမြှင့်သည့် အစီအစဉ်အဖြစ် မတ်လ (၂၈) ရက်နေ့တွင် အဆိုပါ ကျောင်း၌ကျင်းပသည့် ဝင်ခွင့်စာမေးပွဲသို့ မန်းရေနံမြေဒေသခံကျောင်းသားများ ဝင်ရောက်ဖြေဆိုခဲ့ပြီး MPRL E&P ၏ တစ်နှစ်တာပညာသင်ဆုကို ဒေသခံကျောင်းသား (၅) ဦးရရှိခဲ့သည်။

အဆိုပါ ပညာသင်ဆုအရ ၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့အထိ တစ်နှစ်တာ ပညာသင်နှစ်၊ အပတ်စဉ် (၁၁) သို့ ရွာသာကျေးရွာနေ မောင်ရန်နိုင်စိုး၊ မယ်ဘော့ကုန်းကျေးရွာနေ မနန္ဒာ၊ အောက်ကျောင်းကျေးရွာနေ မောင်ထက်မြက်ရှိန်၊ အေးမြကျေးရွာနေ မောင်ပိုင်သော်ကိုနှင့် မန်းကျိုးကျေးရွာနေ မောင်သူထူးစံတို့ ပညာသင်ဆုဖြင့် တက်ရောက်ခွင့် ရရှိခဲ့သည်။



အမှတ် (၅) စက်မှုသင်တန်းကျောင်း အပတ်စဉ် (၁၁) သို့တက်ရောက်ခွင့်ရရှိသည့်
မန်းရေနံမြေဒေသခံ ပညာသင်ဆုရ ကျောင်းသား (၅) ဦး





အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ သင်တန်းအပတ်စဉ် (၉) နှင့် (၁၀) တို့တွင် တက်ရောက်ပြီးစီးခဲ့သည့် ဒေသခံကျောင်းသား (၁၀) ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပံ့ပိုးနိုင်ခဲ့ပြီး ပြည်တွင်းအလုပ်အကိုင်သာမက ပြည်ပနိုင်ငံများသို့ပါ သွားရောက်လုပ်ကိုင်နိုင်ရန် ကျောင်းသားဟောင်းအချို့ ပြင်ဆင်လျက်ရှိသည်။ အမှတ် (၅) စက်မှုသင်တန်းကျောင်းနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ယခုနှစ်အပါအဝင် ပညာသင်နှစ် (၃) နှစ်အတွင်း ကျောင်းသား (၁၅) ဦးကို ပညာသင်ဆုဖြင့် တက်ရောက်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလျက်ရှိသည်။ MPRL E&P သည် မန်းရေနံမြေရှိ ဒေသခံလူငယ်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်ရရှိစေရန် ရည်ရွယ်၍ အစိုးရ၊ ပုဂ္ဂလိကလေ့ကျင့်ရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နှစ်စဉ်ပညာသင်ဆုများ ချီးမြှင့်ထောက်ပံ့ခြင်းဖြင့် ဒေသလိုအပ်ချက်အပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ ■

---

တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေသတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်နိုင်ဝင်း
htet.n.win@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower - အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် - ၀၁ ၂၃၀ ၇၇၄၄
အီးမေးလ် - mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် - www.mprlexp.com

"တို့မန်းမြေ" စာစောင်အတွက်
သဘောထားမှတ်ချက်ကောက်ယူခြင်း

Scan ဖတ်၍ မေးခွန်းများကို ဖြေဆိုနိုင်ပါသည်။

**တို့မန်းမြေစာစောင်ကို ဖတ်ရှုခြင်းအတွက် ကျေးဇူးတင်ပါသည်။**

ယခုသဘောထားမှတ်ချက်ကောက်ယူသည့် အစီအစဉ်တွင် ပူးပေါင်းပါဝင်ဖြေကြားပေးစေလိုပါသည်။

QR ကုတ်မှတဆင့် မေးခွန်းများကို အချိန်တိုအတွင်း ဖြေကြားနိုင်ပြီး ယခုသဘောထားမှတ်ချက် ကောက်ယူမှုသည် စာဖတ်သူများ၏လိုလားချက်များကို ဖြည့်ဆည်းပြီး တို့မန်းမြေစာစောင် ပိုမိုတိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

အချိန်ပေးဖြေဆိုမှုအတွက် ကျေးဇူးအထူးတင်ပါသည်။

# “ပျော်ပျော်ရွှင်ရွှင် ပန်းချီသင်”



## မန်းရေနံမြေဒေသခံ ကလေးများအတွက် နွေရာသီပန်းချီသင်တန်းဖွင့်လှစ်

MPRL E&P (CSR အစီအစဉ်) သည် မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် ဒေသခံများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ နွေရာသီကျောင်းပိတ်ရက်များတွင် မန်းရေနံမြေဒေသရှိ ကလေးများ၏ ဖန်တီးပုံဖော်မှုစွမ်းရည်ကို နွေရာသီပန်းချီသင်တန်းအစီအစဉ်မှတဆင့် အဆင့်မြှင့်တင်ပေးခဲ့သည်။

CSR အစီအစဉ်သည် မန်းရေနံမြေဒေသရှိ အသက် (၆) နှစ်မှ (၁၂) နှစ် အရွယ် ကလေးများ၏ စိတ်ကူးဉာဏ်များ တိုးတက်စေရန်၊ တွေးခေါ်ဆင်ခြင်နိုင်စွမ်း ကောင်းမွန်စေရန်၊ ဖန်တီးမှုများပြုလုပ်နိုင်စေရန်၊ လက်ချောင်းများသန်မာစေရန်နှင့် သဘာဝတရားကို ချစ်မြတ်နိုးတတ်စေရန် ရည်ရွယ်၍ နွေရာသီပန်းချီသင်တန်း ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့မှ မေလ (၁၂) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားနိုင်ရန် ဖိတ်ခေါ်ခဲ့ရာ မန်းရေနံမြေဒေသမှ ကလေးစုစုပေါင်း (၁၅၂) ဦး လျှောက်ထားခဲ့သည်။

MPRL E&P (CSR အစီအစဉ်) အနေဖြင့် နွေရာသီပန်းချီသင်တန်းကို ကလေးများအတွက် ထိရောက်ပြီး အကျိုးဖြစ်ထွန်းစေမည့် သင်တန်းတစ်ခုအဖြစ် ရည်ရွယ်သောကြောင့် သင်တန်းသားများကို သတ်မှတ်စံနှုန်းနှစ်ခုအပေါ် အခြေခံ၍ စိစစ်ရွေးချယ်ခဲ့သည်။ သင်တန်းလျှောက်



ထားသူများအနေဖြင့် နွေရာသီပန်းချီသင်တန်း တက်ရောက်ရခြင်းရည်ရွယ်ချက်နှင့် လူပုံ၊ တိရစ္ဆာန်ပုံ၊ ပန်းပုံ၊ သဘာဝရှုခင်းပုံ စသည်တို့မှ မိမိကြိုက်နှစ်သက်ရာ ပုံတစ်ပုံကို ကိုယ်တိုင်ရေးဆွဲတင်ပြရသည်။ ယင်းတင်ပြချက်များကို သင်တန်းနည်းပြဆရာ ဦးမြင့်လှိုင်မင်းကိုယ်တိုင် ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် စံနှုန်းနှင့်ကိုက်ညီသော ကလေးငယ် (၆၀) ဦးကို ရွေးချယ်သင်တန်းပေးခဲ့သည်။



အဆိုပါသင်တန်းကို မင်းဘူး (စကု) မြို့နေ ပန်းချီဆရာ ဦးမြင့်လှိုင်မင်းနှင့် အေးမြကျေးရွာနေ ပန်းချီဆရာ ဦးအောင်မောင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ရက်လျှင် နှစ်နာရီနှုန်းဖြင့် အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန၊ နန်းဦးကျေးရွာစာကြည့်တိုက်နှင့် မန်းကျိုးကျေးရွာဘုန်းတော်ကြီးကျောင်းတို့၌ ပို့ချပေးခဲ့သည်။

နွေရာသီပန်းချီသင်တန်းသည် MPRL E&P (CSR အစီအစဉ်) ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လူထုအခြေပြုဗဟိုဌာန (Community Center) အစီအစဉ်အောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်သော ဒေသခံများ စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ မန်းရေနံမြေဒေသခံများအား စွမ်းရည်မြှင့်တင်ပေးနိုင်ရန်နှင့် ရေရှည်တည်တံ့ပြီး အပြုသဘောဆောင်သည့် အပြောင်းအလဲကို ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်း CSR လုပ်ငန်းအဖွဲ့ဝင် Senior CSR Officer ဦးစောအယ်စာဘာလုထူးကဆိုသည်။

သင်တန်းတွင် ပန်းချီ၏အခြေခံဖြစ်သော မျဉ်းကွေး၊ မျဉ်းယိုင်၊ မျဉ်းကောက်၊ မျဉ်းဖြောင့်များကို ခဲရေးသင်ကြားခြင်း၊ အသီးအနှံ၊ သစ်ပင်၊ သစ်ကိုင်း၊ အရွက်ပုံဆွဲနည်းများကို အဆင့်ဆင့်သင်ကြားခြင်း၊ ပန်းချီပညာ၏ မူလအခြေခံအရောင်များ၊ အရောင်စပ်နည်းများနှင့် သုံးစွဲပုံ၊ သုံးစွဲနည်းများကို လက်တွေ့လေ့ကျင့်ခြင်း၊ အလင်းအမှောင်သဘောတရားနှင့် အနီးအဝေး သဘောတရားများကို နမူနာပုံများပြ၍ လေ့ကျင့်သင်ကြားခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသူသင်တန်းသားများ၏ စိတ်ပါဝင်စားမှုနှင့် ကျွမ်းကျင်မှုအပေါ် အခြေခံ၍ လိုအပ်သည်များကိုလည်း သင်တန်းနည်းပြများက ဖြည့်စွက်သင်ကြားပေးခဲ့သည်။

သင်တန်းနည်းပြဆရာ ဦးမြင့်လှိုင်မင်းက “ကျွန်တော်တို့ရဲ့ ပန်းချီသင်ကြားပြသမှုအပေါ် ကလေးတွေ နားလည်သင်ယူနိုင်မှုအခြေအနေက တကယ်ကောင်းပါတယ်။ သင်တန်းပေးရတဲ့ အုပ်စု (၃) စုလုံးက အရည်အချင်းရှိတဲ့ ကလေးတွေဖြစ်ပြီး ဒီထဲက မန်းကျိုးကျေးရွာဘုန်းကြီးကျောင်းမှာ လာတက်ကြတဲ့ ကလေးတွေက ပန်းချီဆွဲတာမှာ ပိုတော်ကြတယ်။ ကလေးတွေက ဆရာတွေရဲ့သင်ကြားမှုအပေါ် ကောင်းကောင်းစိတ်ဝင်စားကြတယ်။ သင်တန်းတက်ပြီး ပန်းချီစွမ်းရည် သိသိသာသာ တိုးတက်လာတဲ့ သင်တန်းသားတွေလည်းရှိပါတယ်။ ပန်းချီပညာကို အဆင့်မြင့်သင်တန်းအထိ သင်ယူနိုင်မယ့် အရည်အချင်းရှိတဲ့ ကလေး စုစုပေါင်း (၂၀) လောက် ရှိပါတယ်။ ဒါကြောင့် MPRL E&P ရဲ့ CSR အစီအစဉ်အနေနဲ့ ဖြစ်နိုင်ရင် အဆင့်မြင့်ပန်းချီသင်တန်းတွေ ဖွင့်လှစ်ပေးစေချင်ပါတယ်။ ဒီသင်တန်းကာလတစ်လျှောက်မှာ CSR လုပ်ငန်းအဖွဲ့ဝင်တွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ မန်းရေနံမြေဒေသခံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းတာကိုလည်း တွေ့ရလို့ ဝမ်းသာရပါတယ်။ သင်တန်းဖြစ်မြောက်အောင် အစစအရာရာ ပံ့ပိုးပေးတဲ့ CSR အစီအစဉ်ကိုလည်း ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

ပန်းချီသင်တန်းဆင်းပွဲကို ၂၀၂၃ ခုနှစ်၊ မေလ (၁၂) ရက်နေ့တွင် အေးမြကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ပြီး သင်တန်းဆင်းပွဲသို့ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ မိဘများ၊ MPRL E&P ၏ ရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ CSR လုပ်ငန်းအဖွဲ့ဝင်များ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် မန်းရေနံမြေ ဒေသခံများအပါအဝင် စုစုပေါင်း (၂၂၃) ဦး တက်ရောက်ခဲ့သည်။

စာမျက်နှာ - ၁၅ ➤



မျက်နှာဖုံးမှ အဆက် ➤

အဆိုပါ စီမံချက်စတင်နိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကနဦးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ရေတွင်းတူးဖော်ခြင်း၊ PVC ရေပိုက်လိုင်းများတပ်ဆင်ခြင်း၊ ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစဉ်အားလုံးအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၄,၆၆၀,၅၀၀/- (ကျပ်လေးဆယ့်ခြောက်သိန်းခြောက်သောင်းငါးရာ) နှင့် မန်းကျိုးကျေးရွာဒေသခံများ၏ ပူးပေါင်းပါဝင်ထည့်ဝင်မှု ကျပ် ၅၀၃,၆၀၀/- (ကျပ်ငါးသိန်းသုံးထောင့်ခြောက်ရာ) တို့ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ပြီး စုစုပေါင်းကုန်ကျစရိတ် ကျပ် ၅,၁၆၄,၁၀၀/- (ကျပ်ငါးဆယ့်တစ်သိန်းခြောက်သောင်းလေးထောင့်တစ်ရာ) ဖြင့် ပံ့ပိုးခဲ့ခြင်းဖြစ်သည်။



"မန်းကျိုးကျေးရွာရဲ့ ရေတွင်းအသစ်ကို အနက် (၃၂) ပေလောက်တူးထားပြီး အရှည်ပေ (၁,၃၈၀) ကျော်ကို PVC ပိုက်လိုင်းတွေကတဆင့် ရေလှောင်ကန် နှစ်ကန်နဲ့ ချိတ်ဆက်ထားပါတယ်။ အခုဆိုရင် မန်းကျိုးကျေးရွာမှာ ဒီရေပိုက်လိုင်းကနေ အိမ်တိုင်ရာရောက် ရေပေးဝေနေပြီး တချို့နေရာတွေမှာတော့ အများသုံး ရေငုတ်တွေမှာပါ ရေရရှိနေပါပြီ။ ရေစုပ်စက်က ဆိုလာစနစ်သုံးထားတော့ လောင်စာဆီအတွက် အပိုကုန်ကျစရိတ်မရှိတော့ဘဲ သဘာဝပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေဖြစ်တဲ့ စီမံချက်တစ်ခုလည်း ဖြစ်ပါတယ်" ဟု CSR လုပ်ငန်းအဖွဲ့ဝင် Senior CSR Officer ဦးစောအယ်စာဘလုထူးက ဆိုသည်။

မန်းကျိုးကျေးရွာတွင် ဆိုလာစွမ်းအင်သုံး ရေစုပ်စက်ကို တစ်ရက်လျှင် နံနက် (၇) နာရီမှ ညနေ (၅) နာရီအထိ (၁၀) နာရီခန့် ရေမောင်းတင်လျက်ရှိရာ တစ်ရက်တာ ရေဂါလံ (၁၈,၀၀၀) ရရှိပြီး ကျေးရွာအတွင်းရှိ အိမ်ထောင်စု (၄၀၂) စုရှိ လူဦးရေ (၁,၅၆၅) ဦးအတွက် သောက်သုံးရေ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်သည်။

"ကျွန်တော့်အိမ်ဆိုရင် ကုန်းမြင့်ပိုင်းမှာရှိတော့ အရင်က ရေအရနည်းပါတယ်၊ အခုဆိုရင် ဒီဆိုလာရေစုပ်စက်နဲ့ ရေတွင်းကနေ ရေဖောဖောသီသီ ရနေပါပြီ" ဦးဝင်းကိုက ထပ်မံရှင်းပြသည်။



မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ မန်းရေနံမြေသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင်တည်ရှိပြီး ရေအရင်းအမြစ် ပိုမိုတိုးတက်ရရှိရန် လိုအပ်သည့်ဒေသဖြစ်ကာ နေရောင်ခြည်စွမ်းအင် အလုံအလောက် ရရှိသည့် ဒေသတစ်ခုလည်းဖြစ်သည်။ မန်းကျိုးကျေးရွာ၏ ဆိုလာစွမ်းအင်သုံးရေစုပ်စက်အသုံးပြု၍ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရှိရင်းစွဲ အရင်းအမြစ်တစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်ကို ကောင်းမွန်ထိရောက်စွာအသုံးချ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပြီး ဒေသခံများအတွက် လူမှုစီးပွားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဖြစ်ထွန်းစေသည့် MPRL E&P (CSR အစီအစဉ်) ၏ ပထမဦးဆုံး ဆိုလာစွမ်းအင်သုံး ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

## ချင်တောင်ကျေးရွာတွင် ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများပြီးစီး

မန်းချောင်းရေကို အဓိကရေအရင်းအမြစ်အဖြစ် အသုံးပြုလျက်ရှိသည့် ချင်တောင်ကျေးရွာတွင် ရေတိုက်စားမှုကြောင့် ချောင်းရိုးတစ်လျှောက်တွင် ကမ်းပါးပြိုကျမှုဖြစ်ပေါ်လာ၍ ရေအရင်းအမြစ်ပုံမှန်ရရှိရန် အခက်အခဲရှိလာရာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ၂၀၂၃ ခုနှစ်၊ မေလအတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် ချင်တောင်ကျေးရွာ ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



အဆိုပါ စီမံချက်ကို ချင်တောင်ကျေးရွာတွင် သောက်သုံးရေရှားပါးသည့် နွေကာလများတွင် ရေအရင်းအမြစ် ပိုမိုတိုးတက်ရရှိရန် အနက်ပေ (၁၀၅) ပေရှိ ရေတွင်းတူးဖော်ခြင်း၊ PVC ပလတ်စတစ်ပိုက် ပေ (၁,၂၀၀) တပ်ဆင်၍ ရေလိုင်းသွယ်တန်းခြင်း၊ မီးစက်နှင့် အခြားဆက်စပ်ပစ္စည်းများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့ပြီး ပံ့ပိုးမှု၏ကုန်ကျစရိတ်အဖြစ် ကျပ် ၂,၇၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်ခုနစ်သိန်း) ကို CSR ရန်ပုံငွေဖြင့် ကျခံသုံးစွဲခဲ့သည်။ စီမံကိန်းတွင် ချင်တောင်ကျေးရွာဒေသခံများက ကျပ် ၂၈၃,၀၀၀/- (ကျပ်နှစ်သိန်းရှစ်သောင်းသုံးထောင်) ပူးပေါင်းပါဝင်ပံ့ပိုးခဲ့ပြီး ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအားလုံးအတွက် ကျပ် ၂,၉၈၃,၀၀၀/- (ကျပ်နှစ်ဆယ့်ကိုးသိန်းရှစ်သောင်းသုံးထောင်) အကုန်အကျခံဆောင်ရွက်ခဲ့သည်။ အသစ်တူးဖော်သည့် ရေတွင်းနှင့် မူလတည်ရှိပြီး အသုံးပြုနိုင်သေးသည့် ရေတွင်းများဖြင့် ချင်တောင်ကျေးရွာနေ အိမ်ခြေ (၄၅) အိမ်တွင် နေထိုင်လျက်ရှိသည့် လူဦးရေ (၂၁၇) ဦးအတွက် သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေလျက်ရှိသည်။

## အောက်ကျောင်းကျေးရွာ မူလတန်းကျောင်းဆောင် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာများရှိ အခြေခံပညာကျောင်းအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ပံ့ပိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် CSR လုပ်ငန်းအစီအစဉ်များအရ အောက်ကျောင်းကျေးရွာ မူလတန်းကျောင်းရှိ အလျား (၄၈) ပေ၊ အနံ (၂၄) ပေရှိ ကျောင်းဆောင် ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။



အဆိုပါ စီမံချက်တွင် ကျောင်းအမိုး၊ မျက်နှာကျက်၊ နံရံနှင့် ဝရံတာ ပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများပါဝင်ခဲ့ပြီး လုပ်ငန်းအားလုံးပြီးစီးချိန်တွင် MPRL E&P (CSR အစီအစဉ်) က ကျပ် ၁၀,၁၀၀,၀၀၀/- (ကျပ်တစ်ရာ့တစ်သိန်း) နှင့် အောက်ကျောင်းကျေးရွာဒေသခံများ၏ ထည့်ဝင်ငွေ ကျပ် ၅၉၉,၂၀၀/- (ကျပ်ငါးသိန်းကိုးသောင်းကိုးထောင့်နှစ်ရာ) အပါအဝင် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀,၆၉၉,၂၀၀/- (ကျပ်တစ်ရာ့ခြောက်သိန်းကိုးသောင်းကိုးထောင့်နှစ်ရာ) အကုန်အကျခံ၍ အဆိုပါကျောင်းဆောင်ကို ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့သည်။

## ကြာကန်ကျေးရွာအခြေခံပညာကျောင်းနှင့် နန်းဦးကျေးရွာ စာကြည့်တိုက်တို့အတွက် ပရိဘောဂများပံ့ပိုးခြင်း

၂၀၂၃-၂၀၂၄ ပညာရေးနှစ် ကျောင်းဖွင့်ရာသီမတိုင်မီ ကျောင်းအဆောက်အဦ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျောင်းသုံးပရိဘောဂပံ့ပိုးဖြည့်ဆည်းခြင်းတို့ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးနိုင်ရေးဆောင်ရွက်ခဲ့ရာ ကြာကန်ကျေးရွာ၊ အခြေခံပညာကျောင်းရှိ စာသင်ခန်းများအတွက် ကျပ် ၂,၆၂၉,၀၀၀/ (ကျပ်နှစ်ဆယ့်ခြောက်သိန်းနှစ်သောင်းကိုးထောင်) တန်ဖိုးရှိ ကျောင်းသုံးပရိဘောဂများကို ကျောင်းဖွင့်ရာသီမတိုင်မီ အသင့်ရှိစေရန် ပံ့ပိုးခဲ့သည်။ အလားတူ နန်းဦးကျေးရွာစာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင်တင်နိုင်ရေး စာကြည့်တိုက်သုံး ပရိဘောဂများ ဖြည့်တင်းနိုင်ရန် MPRL E&P ၏ CSR ရန်ပုံငွေ ကျပ် ၂,၃၁၉,၀၀၀/ (ကျပ်နှစ်ဆယ့်သုံးသိန်းတစ်သောင်းကိုးထောင်) ဖြင့် ပံ့ပိုးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ■



# မန်းရေနံမြေဒေသခံများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိ

## စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) တွင် ဖန်လုံအိမ်စိုက်ပျိုးရေး နည်းစနစ်များကို သွားရောက်လေ့လာခြင်း



မန်းရေနံမြေ ဒေသခံတောင်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် လက်ရှိစိုက်ပျိုးနည်းစနစ်များအပြင် ကုလားပဲ၊ နေကြာစသည့်သီးနှံတို့အတွက် စိုက်ပျိုးရေးနည်းစနစ်များ၊ ခရမ်းချဉ်သီးနှံများအတွက် မြေငွေ့ထိန်းစိုက်ပျိုးနည်းစနစ်များနှင့် သက်ဆိုင်ရာသီးနှံအလိုက် မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီလုံလောက်စွာ ရရှိစေရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မန်းရေနံမြေတွင် စမ်းသပ်စိုက်ပျိုးရန်လျာထားသည့် ဖန်လုံအိမ်စိုက်ပျိုးနည်းစနစ်နှင့်စပ်လျဉ်း၍ ပိုမိုသိရှိလေ့လာနိုင်ရန် MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့ရှိ စိုက်ပျိုးရေးသိပ္ပံသို့ သွားရောက်ကာ ဖန်လုံအိမ်စိုက်ပျိုးနည်းစနစ်များကို လေ့လာခဲ့သည်။ ဖန်လုံအိမ်စိုက်ပျိုးနည်းစနစ်သည် အပူချိန်ပြင်းထန်သည့် နွေကာလများအပါအဝင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး စိုက်ပျိုးမြေနှင့် တစ်နှစ်ပတ်လုံးရေရရှိအောင် ပံ့ပိုးနိုင်မည့် အခြေအနေအပေါ်အခြေခံ၍ မန်းရေနံမြေတွင် ဒေသနှင့်ကိုက်ညီသည့် ဖန်လုံအိမ်စိုက်ပျိုးနည်းစနစ် စမ်းသပ်စိုက်ပျိုးနိုင်ခြင်း ရှိ၊ မရှိတို့ကို ပြန်လည်လေ့လာသုံးသပ်နိုင်မည်ဖြစ်သည်။

## I-2 ကြက်မျက်စင်းဆေးများ ပံ့မှန်ဖြန့်ဝေခြင်း

မင်းဘူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် MPRL E&P (CSR အစီအစဉ်) တို့ဖြင့် မန်းရေနံမြေထိစပ်ကျေးရွာများအတွင်း မွေးမြူရေးတောင်သူများ၏ ကြက်ကောင်ရေ (၇၉၈) ကောင်အတွက် I-2 ကြက်မျက်စင်းဆေးများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း ပံ့ပိုးဖြန့်ဝေနိုင်ခဲ့သည်။

## မန်းရေနံမြေ ချင်တောင်ကျေးရွာတွင် မှိုမျိုးအိတ်များ ဆက်လက်ထုတ်လုပ်လျက်ရှိ



ချင်တောင်ကျေးရွာရှိ မှိုစံပြစိုက်ကွက်တွင် ကျေးရွာစေတနာ့ဝန်ထမ်း ဦးနေဇော်နှင့် မိသားစုသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လကတည်းက မှိုစိုက်ပျိုးရေးနှင့်အတူ မှိုမျိုးအိတ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း မှိုမျိုးအိတ် (၃၅၀) နှင့် မေလအတွင်း မှိုမျိုးအိတ် (၅၅၀) တို့ကို ထုတ်လုပ်ခဲ့ပြီး မှိုမျိုးအိတ်တစ်အိတ်လျှင် ကျပ် ၇၅၀/- နှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။ ■





ခရမ်းချဉ်၊ ကုလားပဲ ၊ နေကြာနှင့်
မှိုစိုက်ပျိုးထုတ်လုပ်မှုများကို လေ့လာစောင့်ကြည့်ခြင်း




ခရမ်းချဉ်သီးအသုံးပြု တန်ဖိုးမြှင့်ထုတ်ကုန်
ထုတ်လုပ်ရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း

မျက်နှာဖုံးမှ အဆက် ➤

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မတ်လ (၁၄) ရက်နှင့် (၁၅) ရက်နေ့တို့တွင် မန်းရေနံမြေရှိ မန်းကျိုးကျေးရွာတွင် ဘိုကာရှီမြန်မာကုမ္ပဏီနှင့် ချိတ်ဆက်၍ စွန့်ပစ်အမှိုက်မှ သဘာဝမြေဆွေးထုတ်လုပ်နိုင်မည့် "သဘာဝစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးနှင့်ဘိုကာရှီမြေဆွေးထုတ်လုပ်နည်း" သင်တန်းကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းတွင် ဘိုကာရှီမြန်မာ၏ တည်ထောင်သူတစ်ဦးဖြစ်သူ ဦးအင်ဒါအောင်စိုးနှင့် သင်တန်းမန်နေဂျာ





ဆရာမဒေါ်အေးအေးသန်းတို့က လက်တွေ့သင်ကြားပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာနေ ဒေသခံတောင်သူများနှင့် စိတ်ပါဝင်စားသူ (၂၅) ဦး တက်ရောက်ခဲ့ပြီး စာတွေ့လက်တွေ့ လေ့လာသင်ယူခဲ့သည်။ ဘိုကာရှီမြေဆွေးသည် နေ့စဉ် မီးဖိုချောင်စွန့်ပစ်ပစ္စည်းများကို အသုံးပြုထုတ်လုပ်နိုင်ပြီး သဘာဝကုန်ကြမ်းများကို အချဉ်ဖောက်ထားသော (သို့မဟုတ်)



ဆွေးမြှေ့အောင်ပြုလုပ်ထားသည့် သဘာဝမြေဩဇာဖြစ်သည်။ အာဟာရကြွယ်ဝသည့် ဘိုကာရှီသဘာဝမြေဩဇာကို တစ်နိုင်တစ်ပိုင် ထုတ်လုပ်နိုင်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်ပါ တွင်ကျယ်စွာအသုံးပြုနိုင်သည့်အတွက် ကျယ်ပြန့်စွာ ထုတ်လုပ်လာကြသည့် သဘာဝမြေဩဇာလည်းဖြစ်သည်။ ■

# ခရမ်းချဉ်သီးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး MPRL E&P ပံ့ပိုး

"ခရမ်းချဉ်ဆိုတာ အာဟာရအတွက် အရေးပါရုံတင်မကဘဲ မန်းတောင်သူတွေအတွက် အမြတ်အစွန်းရှိတဲ့ သီးနှံတစ်မျိုးပါ" ဟု MPRL E&P ၏ပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သော ဥယျာဉ်စိုက်ပျိုးနည်းနှစ်ရက်တာသင်တန်းကို တက်ရောက်ခဲ့သည့် ကြာကန်ကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူဒေါ်စန်းမေက ဆိုသည်။ "ခရမ်းချဉ်စိုက်ခင်းတစ်ခုက ဝင်ငွေတိုးစေပြီး စိုက်ပျိုးတောင်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးဖို့ အကူအညီပေးနိုင်ပါတယ်" ဟု သူမက ထပ်မံဖြည့်စွက်သည်။



MPRL E&P (CSR အစီအစဉ်) ဖြင့် ခရမ်းချဉ်စိုက်ပျိုးတောင်သူများအတွက် နည်းပညာသုံး စိုက်ပျိုးနည်းသင်တန်းများ ပံ့ပိုးမှုအပြင် ပလတ်စတစ်အသုံးပြု မြေငွေ့ထိန်းစိုက်ပျိုးနည်း၊ အရည်အသွေးပြည့်မီသော ခရမ်းချဉ်မျိုးစေ့များ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးရာသီအလိုက် တွေ့ကြုံရသည့် အခက်အခဲများကို သိရှိဖြေရှင်းဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) နှင့် ရေတံခွန်စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းမှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းချိတ်ဆက်၍ ကုမ္ပဏီ၏ စိုက်ပျိုးရေးဆိုင်ရာညှိနှိုင်းရေးမှူးဖြင့် အချိန်မှန်စောင့်ကြည့်လေ့လာပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မန်းကျိုး၊ ချင်တောင်၊ လက်ပံတောနှင့် ကျွဲချကျေးရွာနေ ခရမ်းချဉ်တောင်သူ (၂၇) ဦးက ခရမ်းချဉ်စိုက်ဧက (၇.၃) ဧကကို စိုက်ပျိုးခဲ့ပြီး ခရမ်းချဉ်ပိဿာချိန် (၅၁,၈၇၅) ပိဿာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့်အတွက် ခရမ်းချဉ်စိုက်ပျိုးတောင်သူအချို့မှာ ယမန်နှစ်စိုက်ပျိုးရာသီနှင့် နှိုင်းယှဉ်ပါက အမြတ်အစွန်း (၁၀) ဆခန့် တိုးတက်ရရှိခဲ့သည်။

ခရမ်းချဉ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိရန်နှင့် တန်ဖိုးမြှင့်ခရမ်းချဉ်ထုတ်ကုန်များ ဒေသတွင်း၌ပင် တိုးတက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ MPRL E&P (CSR အစီအစဉ်) နှင့် မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (SSID) နှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် တန်ဖိုးမြှင့်ခရမ်းချဉ်ထုတ်ကုန်ထုတ်လုပ်မှုသင်တန်းကို အေးမြကျေးရွာတွင် (၇) ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ တက်ရောက်ခဲ့သည့် မန်းရေနံမြေရှိ ကျေးရွာ (၇) ရွာမှ အမျိုးသမီး (၂၀) ဦး အနက် (၁၁) ဦးသည် ထုတ်ကုန်အသစ်များကို ဒေသခံ



စားသုံးသူများနှင့် မိတ်ဆက်ခဲ့ပြီး မင်းဘူးမြို့ရှိ ကုန်စုံဆိုင်များတွင် ရောင်းချခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းငယ်များကို လုပ်ကိုင်လာကြသည်။

အဆိုပါ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သင်တန်းသားဟောင်းများက "မေ"၊ "မေဇူလိုင်"၊ "ပြည့်စုံ" စသည့် အမှတ်တံဆိပ်များဖြင့် ခရမ်းချဉ်အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ယင်းသို့ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ကျယ်ပြန့်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ မွမ်းမံသင်တန်းများ ထပ်မံပံ့ပိုးနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ SSID (မကွေး) ရှိ လေ့ကျင့်ပျိုးထောင်ရေး စင်တာတွင် ၂၀၂၃ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့မှ (၂၂) ရက် အထိဖွင့်လှစ်သည့် "ခရမ်းချဉ်အခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှု မွမ်းမံသင်တန်း" သို့ မန်းရေနံမြေရှိ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သင်တန်းသားဟောင်း (၅) ဦး တက်ရောက်ခွင့်ရရှိခဲ့သည်။ သင်တန်းတွင် SSID ၏ နည်းပြများက ခရမ်းချဉ်အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နည်း အဆင့်ဆင့်ကို လက်တွေ့သင်ကြားပြသခဲ့ပြီး ဈေးကွက်ဝင် ထုတ်ကုန်များအဖြစ် တင်ပို့ရောင်းချနိုင်ရန် ထုတ်ပိုးမှုနည်းပညာများ၊ ဈေးကွက်ချိတ်ဆက်ချဲ့ထွင်နည်းများကိုပါ သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းနှင့်စပ်လျဉ်း၍ "ဒီသင်တန်းက အမျိုးသမီးတွေနဲ့ မန်းရေနံမြေဒေသခံလူငယ်တွေကို အိုးမကွာအိမ်မကွာ သက်တောင့်သက်သာနဲ့ အပိုဝင်ငွေရရှိနိုင်အောင် ပံ့ပိုးပေးတာဖြစ်ပြီး ခရမ်းချဉ်ထုတ်ကုန်တွေကို တိုးချဲ့ထုတ်လုပ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်တတ်လာအောင် လမ်းဖွင့်ပေးတာပါ" ဟု MPRL E&P မှ Junior CSR Officer ဒေါ်နှေဒ်မေပုလဲထူးက ရှင်းပြသည်။

MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့သည် သက်မွေးပညာသင်တန်းသားများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းငယ်များကို ရေရှည်တည်တံ့စေရေး ဆောင်ရွက်ရာတွင် အရေးပါသည့် လုပ်ငန်းကျွမ်းကျင်မှုနှင့် အခွင့်အလမ်းများ လက်လှမ်းမီစေရန် နည်းပညာနှင့်သင်တန်းများပံ့ပိုးနိုင်မည့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ ■



## အွန်လိုင်းအင်္ဂလိပ်စာသင်တန်းသားများ၏ တိုးတက်မှုအခြေအနေကို ပုံမှန်စောင့်ကြည့်လျက်ရှိ၊ သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်



မန်းရေနံမြေဒေသခံလူငယ်များအတွက် MPRL E&P ကုမ္ပဏီ၏ စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်တစ်ရပ်အနေဖြင့် အေးမြကျေးရွာရှိ ကျေးရွာလူထုအခြေပြုဗဟိုဌာန (Community Center) တွင် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှု အစီအစဉ်ကို iGroup (Asia Pacific) Limited ၏ mango-STEEMS Myanmar နှင့် ချိတ်ဆက်ပူးပေါင်း၍ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် စတင်ခဲ့ရာ အေးမြကျေးရွာနေ ကျောင်းသား (၁၅) ဦး တက်ရောက်လေ့လာသင်ယူလျက်ရှိသည်။ ကျောင်းသားများ၏ တိုးတက်မှုအခြေအနေကို သုံးလတစ်ကြိမ် ဆန်းစစ်လျက်ရှိပြီး သင်ကြားရေးအထောက်အကူပြုနည်းပြ၏ အရည်အသွေးစစ်ဆေးမှုကိုလည်း CSR လုပ်ငန်းအဖွဲ့ဝင်များက ပုံမှန်စောင့်ကြည့်လေ့လာလျက်ရှိသည်။ အသစ်တိုးချဲ့ဖွင့်လှစ်မည့် နန်းဦးကျေးရွာလူထုအခြေပြုဗဟိုဌာနတွင် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် သင်ကြားရေးအထောက်အကူပြုနည်းပြအဖြစ် ဆောင်ရွက်နိုင်မည့် ဒေသခံများအနက်တစ်ဦးကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ မေလအတွင်း စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ■







## ပညာသင်ဆုရကျောင်းသားမိဘများနှင့်တွေ့ဆုံဆွေးနွေးခြင်း



မန်းရေနံမြေရှိ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်ရည်ရွယ်၍ ပညာသင်ဆုပံ့ပိုးခြင်းကို သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မကွေးမြို့ရှိ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) သို့ MPRL E&P ၏ တတိယအကြိမ်မြောက် တစ်နှစ်တာပညာသင်ဆုရရှိသည့် ဒေသခံကျောင်းသား (၅) ဦးနှင့် ၎င်းတို့၏ မိဘများကို ပညာသင်ဆုဖြင့် သင်တန်းပြီးဆုံးအောင်တက်ရောက်နိုင်မည့် နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို အသိပေးသည့်အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်းတွင် MPRL E&P ကုမ္ပဏီ၏ ပညာသင်ဆုဖြင့် တက်ရောက်လျက်ရှိသည့် ကျောင်းသားတစ်ဦးသည် စာမေးပွဲကျရှုံးမှုနှင့် သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုအားနည်းသဖြင့် ပညာသင်ဆု ရပ်ဆိုင်းကြောင်း အသိပေးစာကို သက်ဆိုင်ရာမိဘအုပ်ထိန်းသူများထံ သွားရောက်အကြောင်းကြားခဲ့သည်။





မန်းရေနံမြေ ဒေသခံကျောင်းသားများကို ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၏ သတ်မှတ်စည်းကမ်းများနှင့်အညီ ပညာသင်ဆုများကို ရွေးချယ်ပံ့ပိုးလျက်ပြီး အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် (၅) ဦး ၊ အစိုးရနည်းပညာအထက်ကျောင်း (မကွေး) တွင် (၂) ဦး၊ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) တွင် (၇) ဦးနှင့် ဆေးတက္ကသိုလ် (မကွေး) တွင် (၁) ဦးတို့ ပညာသင်ဆုဖြင့် တက်ရောက်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မန်းရေနံမြေဒေသခံလူငယ် စုစုပေါင်း (၁၅) ဦးအတွက် MPRL E&P CSR အစီအစဉ်ဖြင့် ပညာသင်ဆုများပံ့ပိုးလျက်ရှိသည်။ ■

# "မန်းမြေတခွင် သာစေချင်၊ ခုပင်ဆွေးနွေး အကြံပေး"





## ပဉ္စမအကြိမ်မြောက် အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးလှုပ်ရှားမှု အောင်မြင်စွာကျင်းပပြီးစီး

MPRL E&P ကုမ္ပဏီတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်တာများအနက် လုပ်ငန်းလုပ်ကိုင်ရာ ဒေသရှိ ဒေသခံများအနေဖြင့် ကုမ္ပဏီ၏လုပ်ငန်းလုပ်ကိုင်မှုကြောင့် ၎င်းတို့တွင် ဖြစ်ပေါ်နိုင်သည့် စိုးရိမ်မှုများကို အလေးထားကုစားဖြေရှင်းနိုင်မည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ MPRL E&P သည် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် ၁၉၉၆ ခုနှစ်မှစတင်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကြောင့် ဒေသခံများနှင့် ဒေသတွင်းဂေဟစနစ်ကို သက်ရောက်မှုရှိနိုင်သည့် နောက်ဆက်တွဲ အကျိုးဆက်များကို ဆန်းစစ်ဖော်ထုတ်ပြီး အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်ရာတွင် ဒေသခံများနှင့် အပြန်အလှန်ဆက်ဆံရေး လမ်းကြောင်းတစ်ခုအဖြစ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူများကို စတင်ကျင့်သုံးသည့် အချိန်မှစ၍ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု အဆင့်ဆင့်တွင် နစ်နာမှုများကို ဖြေလျော့ကုစားသည့် လုပ်ငန်းစဉ်အဖြစ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism-OGM) ကို လက်ခံကျင့်သုံးဆောင်ရွက်ကြရာတွင် MPRL E&P ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ပထမဆုံး လိုက်နာကျင့်သုံးခဲ့သည့် ကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။

MPRL E&P သည် မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းများကို ၁၉၉၆ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလမှစတင်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ကုမ္ပဏီတို့ပူးပေါင်း၍ မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအနက် ကျေးရွာ (၃) ရွာတွင် ကနဦး စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း ကျေးရွာ (၁၄) ရွာလုံးတွင် အကောင်အထည်ဖော်



ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မန်းရေနံမြေဒေသခံများ ပိုမိုနားလည်သိရှိပြီး ထိရောက်စွာ အသုံးပြုနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှု (၅) ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ယခုနှစ်အတွက် အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုကို လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်တွေ့အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်အပေါ် ပိုမိုယုံကြည်အားကိုးနိုင်စေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ မတ်လ (၁၄) ရက်နှင့် (၁၆) ရက်နေ့တွင် မန်းရေနံမြေရှိ နန်းဦး၊ ကြာကန်၊ မန်းကျိုးနှင့် မယ်ဘော့ကုန်းကျေးရွာတို့တွင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ လှုပ်ရှားမှုပြုလုပ်ရာတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးအစီအစဉ်များ၊ အမှိုက်ကောက်သူရဲကောင်း-မင်းဘူးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ရွေ့လျားဆေးပေးခန်းစသည့် ကဏ္ဍအသီးသီးအတွက် အသိပညာပေးပြခန်းများနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ကာတွန်း ပြခန်းငယ်များကို သတ်မှတ်နေရာများအလိုက် ဖွင့်လှစ်ပြသခဲ့ပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများလည်း ပြုလုပ်ကျင်းပခဲ့သည်။



"ကျွန်တော်က မန်းကျိုးကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်ပြီး ကျွန်တော့်ရွာက တောင်သူတွေအနေနဲ့ OGM လုပ်ငန်းစဉ်ကို ထိထိရောက်ရောက်သုံးဖို့ အကြံပေးဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်က ကုမ္ပဏီရော ကျွန်တော်တို့ ဒေသခံတွေအတွက်ပါ အကျိုးဖြစ်ထွန်းစေပြီး နှစ်ဦးနှစ်ဘက် အဆင်ပြေစေတဲ့ လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ ဒီနှစ် အသိပညာပေး



လုပ်ရှားမှုကနေ သိပြီးသားလုပ်ငန်းစဉ်ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်အောင် ပြန်နွေးသလိုပဲမို့ ဒီလုပ်ငန်းစဉ်ကို အရှည်သဖြင့် တည်တံ့အောင်နဲ့ လုပ်ငန်းစဉ်ကို ပိုပြီးသိရှိအသုံးချနိုင်အောင် ကြိုးစားပေးတာကိုလည်း ကျွန်တော်သဘောကျပါတယ်" ဟု ဦးထွန်းလှအောင်က မှတ်ချက်ပြုသည်။

အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးလှုပ်ရှားမှုကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် ဒေသခံစေတနာ့ဝန်ထမ်းများ ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ပြီး မန်းရေနံမြေ ထိစပ်ကျေးရွာနေ ဒေသခံ (၇၈၈) ဦးပါဝင်ဆင်နွှဲခဲ့သည်။

နန်းဦးကျေးရွာ၏ ဒေသခံစေတနာ့ဝန်ထမ်းဖြစ်သူ ဒေါ်အေးအေးမြင့် (ခ) မဖြူ က "ဒီနှစ် OGM အသိပညာပေးလှုပ်ရှားမှုမှာ ကျွန်မတို့လည်း ပါဝင်အားဖြည့်ကူညီခဲ့ပြီး ကျောင်းနေကလေးတွေရော လူကြီးတွေပါ သိသိသာသာ ပါဝင်လာကြတာ တွေ့ရပါတယ်။ OGM ပြခန်းတွေမှာ အထူးသဖြင့် ကာတွန်းရုပ်လေးတွေပါတော့ ကလေးရော လူကြီးပါ လာကြည့်ကြ၊ မေးကြဖြေကြနဲ့ စည်ကားပြီး ပျော်စရာ ကောင်းပါတယ်" ဟု ဆိုသည်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ မန်းရေနံမြေတွင် ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အရ ၂၀၂၃ ခုနှစ်၊ မေလအထိ အကြံပြုစာပေးပို့မှု စုစုပေါင်း (၁၆၈) ကြိမ်ရှိပြီး CSR လုပ်ငန်းဆိုင်ရာ သက်ရောက်မှုအစီရင်ခံစာ-၂၀၂၂ အရ





ကျေးရွာအတွင်း မေးမြန်းခဲ့သူစုစုပေါင်း၏ ၉၇ ရာခိုင်နှုန်းသည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို သိရှိနားလည်ကြပြီး အကြံပြုစာပေးပို့သူ စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းသည် လုပ်ငန်းစဉ်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းအဆင့်များအပေါ် ကျေနပ်အားရမှုရှိကြကြောင်းသိရသည်။ နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အကြံပြုစာပေးပို့မှု စုစုပေါင်း (၁၁) စောင်ရှိပြီး ပေးပို့စာလွှာများ ၁၀၀ ရာခိုင်နှုန်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းစဉ်အပေါ်ကျေနပ်မှုမှာလည်း ၁၀၀ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

သို့ဖြစ်၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများနှင့် သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ငန်းကိုင်သူများအကြား ကောင်းမွန်သည့်ဆက်ဆံရေးထိန်းသိမ်းတည်ဆောက်နိုင်ရန် MPRL E&P ၏ ရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ CSR လုပ်ငန်းအဖွဲ့ဝင်များ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ဒေသခံများ၏ အားထုတ်ကြိုးပမ်းမှုဖြင့် အောင်မြင်စွာ လည်ပတ်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ဂုဏ်ပြုတင်ပြလိုက်ပါသည်။ ■

















# မီးဘေးနှင့်လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးအစီအစဉ် မန်းရေနံမြေထိစပ်ကျေးရွာများတွင်ပြုလုပ်

မန်းရေနံမြေထိစပ်ကျေးရွာများတွင် နွေရာသီနှင့် မိုးဦးကျကာလတွင် ဖြစ်ပွားလေ့ရှိသည့် မီးဘေးနှင့်လျှပ်စစ်အန္တရာယ်ကင်းရှင်းအတွက် အသိပညာပေးအစီအစဉ်ကို မင်းဘူးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၃ ခုနှစ်၊ မေလ (၂၀) ရက်နှင့် (၂၁) ရက်တို့တွင် စုရပ်နေရာ (၄) ခု၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အစီအစဉ်သည် မိုးရာသီဝင်ရောက်လာချိန်တွင် ရေကြီးရေဝပ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်လဲခြင်းနှင့် သစ်ကိုင်းကျိုးကျခြင်းတို့ကြောင့် ဓာတ်ကြိုးပြတ်တောက်ခြင်းတို့ ဖြစ်ပွားလေ့ရှိရာ မိုးကာလတွင် လျှပ်စစ်နှင့်ဓာတ်လိုက်မှုအန္တရာယ်နှင့် မီးဘေးလုံခြုံရေးတို့ကို ပိုမိုသတိပြုကာကွယ်နိုင်ရန် ရည်ရွယ်၍ MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များက ဦးစီး၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသိပညာပေးအစီအစဉ်အရ မန်းရေနံမြေထိစပ်ကျေးရွာများကို အုပ်စု (၄) စု ခွဲ၍ ချင်တောင်၊ အောက်ကျောင်း၊









မယ်ဘော့ကုန်းနှင့် ရွာသာကျေးရွာတို့ရှိ စုရပ် (၄) ခုတွင် သတ်မှတ်အချိန်အတိုင်း မီးငြိမ်းသတ်ပုံ အဆင့်ဆင့်နှင့် မီးသတ်ဆေးဘူးများ ကိုင်တွင်အသုံးပြုပုံ၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ရာတွင်ဆောင်ရန်၊ ရှောင်ရန်များကို သရုပ်ပြလေ့ကျင့်မှုများနှင့်အတူ ပြုလုပ်ခဲ့သည်။

အဆိုပါအစီအစဉ်သို့ သက်ဆိုင်ရာကျေးရွာအလိုက် ဒေသခံ (၈၂) ဦးနှင့်အတူ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်နှင့် တာဝန်ရှိသူများ၊ MPRL E&P ကုမ္ပဏီ၏ ရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ Myint & Associates ကုမ္ပဏီဝန်ထမ်းများ၊ မင်းဘူးမြို့နယ်မီးသတ်ဦးစီးဌာန၊ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် အရေးပေါ်ကိစ္စရပ်များ တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၁၀၂) ဦး တက်ရောက်ခဲ့သည်။

အစီအစဉ်အရ ကျေးရွာတစ်ရွာလျှင် မီးသတ်ဆေးဘူး (၅) ဘူးစီဖြင့် ကျေးရွာ (၁၄) ရွာအတွက် မီးသတ်ဆေးဘူး (၇၀) ဘူးကို ကျေးရွာအလိုက် လွှဲပြောင်းပေးအပ်ခြင်း၊ မီးဘေးနှင့်လျှပ်စစ်အန္တရာယ် သတိပေးပိုစတာများ လိုက်လံချိတ်ဆွဲခြင်းနှင့် သင်တန်းတက်ရောက်သူများက ဦးဆောင်၍ အိမ်တိုင်ရာရောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ကိုဗစ်-၁၉ ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်အသိပေးနှိုးဆော်မှုများ ပြုလုပ်ခဲ့သည်။ မီးဘေးနှင့်လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအသိပညာပေးလှုပ်ရှားမှု အစီအစဉ်ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၅,၃၄၉,၇၀၀/- (ကျပ်ငါးဆယ့်သုံးသိန်းလေးသောင်းကိုးထောင့်ခုနစ်ရာ) အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ ■







# MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပုံမှန်ပံ့ပိုးလျက်ရှိ

မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာနေ အိမ်ထောင်စုပေါင်း (၂,၈၇၇) စု ရှိ ဒေသခံ (၁၁,၈၈၆) ဦးအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို လွယ်ကူသက်သာစွာ ရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် MPRL E&P (CSR အစီအစဉ်) ၏ ရွေ့လျားကျန်းမာရေးဆေးပေးခန်းများကို ပုံမှန်ဖွင့်လှစ်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။






| ကျေးရွာ | အကြိမ်ရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ကြာကန် | ၅၇ | ၃၆၄ | ၁,၅၅၉ | ၁,၉၂၃ |
| ကျွဲချ | ၅၇ | ၄၆၀ | ၁,၃၅၀ | ၁,၈၁၀ |
| လေးအိမ်တန်း | ၅၈ | ၄၁၄ | ၁,၅၈၄ | ၁,၉၉၈ |
| လက်ပံတပင် | ၅၈ | ၄၀၈ | ၁,၃၉၉ | ၁,၈၀၇ |
| အေးမြ | ၁၉ | ၁၈၉ | ၄၀၉ | ၅၉၈ |
| နန်းဦး/အောက်ကျောင်း | ၁၉ | ၁၁၇ | ၃၃၁ | ၄၄၈ |
| စုစုပေါင်း | ၂၆၈ | ၁,၉၅၂ | ၆,၆၃၂ | ၈,၅၈၄ |

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း ဆေးပေးခန်းဆိုင်ရာအချက်အလက်များနှင့် နောက်ခံဆိုင်းဘုတ်များကို လိုအပ်သည့် ဆေးခန်းများတွင် အသစ်တပ်ဆင်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ မေလ (၂၈) ရက်နေ့အထိ သတ်မှတ်နေရာ (၆) ခုတွင် အကြိမ်ရေ (၂၆၈) ကြိမ် ဆေးပေးခန်းဖွင့်လှစ်ခဲ့ပြီး ဆေးခန်းလာရောက်ပြသမှု လူနာဦးရေ (၈,၅၈၄) ဦး ရှိပြီဖြစ်သည်။ ထို့ပြင် ပထမသုံးလပတ်အတွင်း နာမကျန်းလူနာနှင့်သက်ကြီးရွယ်အို (၃) ဦးကို အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးခဲ့သည်။

အစီအစဉ်တွင် MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်ခံဆရာဝန်များက ကျေးရွာဒေသခံများကို အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပြီး အိပ်ယာထဲလဲနေသည့် နာမကျန်းနှင့်သက်ကြီး လူနာများအတွက် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများနှင့်အတူ ပူးပေါင်းပံ့ပိုးလျက်ရှိသည်။



## မန်းရေနံမြေဒေသခံများအတွက် မျက်စိစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန (မင်းဘူးဆေးရုံ)နှင့်ပူးပေါင်း၍ မန်းရေနံမြေဒေသခံများအတွက် မျက်စိကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်ကို ဆောင်ရွက်နိုင်ရန် ၂၀၂၃ ခုနှစ်၊ မေလအတွင်း အဆိုပါဆေးရုံကြီး၏ မျက်စိအထူးကုသမားတော် ဒေါက်တာအိအိအောင်နှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။



မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန (မင်းဘူးဆေးရုံ) နှင့်ချိတ်ဆက်၍ MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေဒေသခံများအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ပထမအဆင့်အဖြစ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို မျက်စိကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောပို့ချခြင်းနှင့် အထွေထွေမျက်စိ စမ်းသပ်စစ်ဆေးခြင်း၊ မျက်မှန်နှင့်မျက်စိအားဆေးများ ပံ့ပိုးခြင်း၊ မျက်စိခွဲစိတ်ရန်လိုအပ်သူများကို မျက်စိခွဲစိတ်ကုသနိုင်ရန် ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ■



ကျောဖုံးမှ အဆက် ➤

ကိုယ်တိုင်ဆို ဒီလိုအခြေအနေမျိုးအထိ လုံးဝမတတ်နိုင်ပါဘူး။ အမှန်အတိုင်းပြောရမယ်ဆိုရင် ကိုယ့်စီးပွားရေးအခြေအနေအရ ဒီလိုသိန်းဆယ်ချီ အကုန်အကျခံပြီး မျက်စိခွဲပေးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့မိသားစုအပါအဝင် သားရဲ့တိုးတက်မှုအခြေအနေကို မြင်ရတဲ့သူတိုင်းလည်း ဝမ်းသာနေကြပါတယ်" ဟု ဒေါ်ယွန်းမွန်ဦး က ဆိုသည်။

ခွဲစိတ်ကုသရန်အတွက် ရန်ကုန်မြို့တွင် နေထိုင်စဉ်ကာလ၌လည်း MPRL E&P ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (CEO) ဦးမိုးမြင့်နှင့်တွေ့ဆုံခွင့်ရခဲ့ပြီး ရင်းနှီးနွေးထွေးစွာဖြင့် ဝမ်းမြောက်စကားဆိုခဲ့ကြောင်း ဒေါ်ယွန်းမွန်ဦးက ဆိုသည်။ ဝေလျှံမိုးဦးကလည်း "ဘဘ CEO က သူ့ကို ကျေးဇူးတင်ရင် စာကြိုးစားဖို့နဲ့ အားကစားမှာလည်း ထူးချွန်အောင်လုပ်ဖို့ သားကို မှာလိုက်တယ်" ဟု ပြောသည်။

MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးကူညီမှုသည် ကလေးငယ်တစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ တိုးတက်ပြောင်းလဲစေသည့်အတွက် ကုမ္ပဏီနှင့်ကူညီပံ့ပိုးသူများအားလုံးကို ဒေါ်ယွန်းမွန်ဦးနှင့်မိသားစုက ကျေးဇူးအထူးတင်ရှိကြကြောင်း ဖော်ပြခဲ့သည်။ ဝေလျှံမိုးဦးအနေဖြင့်လည်း လူသစ်စိတ်သစ်ဖြင့် တောက်ပသောအနာဂတ်ပန်းတိုင်သို့ ရောက်ရှိမည်ဟု MPRL E&P (CSR အစီအစဉ်) က မျှော်မှန်းပါသည်။ ■

# သက်ဆိုင်ရာပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ CSR လုပ်ငန်းများကို အသိပေးတင်ပြခြင်း




*၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်) ရှိ တာဝန်ရှိသူများအား ရှင်းလင်းတင်ပြခြင်း*

## ခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆက်စပ် လုပ်ကိုင်သူများကို ရှင်းလင်းတင်ပြခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လပတ်အတွင်း မန်းရေနံမြေတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို နေပြည်တော်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း တာဝန်ရှိသူများထံ ၂၀၂၃ ခုနှစ်၊ မေလ (၁၁) ရက်နေ့တွင် CSR လုပ်ငန်းအဖွဲ့ဝင်များက သွားရောက်ရှင်းလင်းတင်ပြခဲ့သည်။ အစည်းအဝေးသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်)၊ MPRL E&P မှ တာဝန်ရှိသူများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၁၅) ဦး တက်ရောက်ခဲ့သည်။ အလားတူ ဒုတိယခြောက်လပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် CSR လုပ်ငန်းများနှင့် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းအစီအစဉ် (Reflection Workshop) ကို ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် စေတနာ့ဝန်ထမ်းများအား ရှင်းလင်းတင်ပြဆွေးနွေးသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် (၉၉) တံခါးကြီးဘုရား၊ ဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။ အဆိုပါအစီအစဉ်သို့ မန်းရေနံမြေ ဒေသခံ (၄၉) ဦး တက်ရောက်ခဲ့ပြီး CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ CSR လုပ်ငန်းအဖွဲ့ဝင်များက မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



*၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းများကို သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများအား ရှင်းလင်းတင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းအစီအစဉ်*

## ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာရှိ အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်အတွင်း မန်းရေနံမြေရှိ မန်းကျိုးကျေးရွာတွင် ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာစွမ်းအင်သုံး ရေစုပ်စက်နှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်နိုင်ရန်နှင့် ချင်တောင်ကျေးရွာတွင် ရေတွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။ အလားတူ မကြီးချောင်းကျေးရွာ အခြေခံပညာကျောင်းရှိ ရေလှောင်ကန်တည်ဆောက်ရေးနှင့် ရေတွင်းတူးဖော်ရေးလုပ်ငန်းများအတွက်လည်းကောင်း၊ မယ်ဘော့ကုန်း၊ အောက်ကျောင်းနှင့် ကြာကန်ကျေးရွာတို့ရှိ ရေလှောင်ကန်ဟောင်းများ ပြုပြင်မွမ်းမံနိုင်ရန်လည်းကောင်း သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

## စေတနာ့ဝန်ထမ်းအစည်းအဝေးပုံမှန်ကျင်းပခြင်း



မန်းရေနံမြေတွင် MPRL E&P ၏ CSR လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် ဒေသခံစေတနာ့ဝန်ထမ်းများအနေဖြင့် လစဉ်ပုံမှန် အစည်းအဝေးကျင်းပပြုလုပ်လျက်ရှိပြီး ဒေသဆိုင်ရာလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်အတွင်း စေတနာ့ဝန်ထမ်းအစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်ခဲ့ပြီး ပေါက်ကုန်းနှင့်ကြာကန်ကျေးရွာများအတွက် အသစ်ခန့်အပ်သော စေတနာ့ဝန်ထမ်း အသစ် (၂) ဦးအား စေတနာ့ဝန်ထမ်းလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကြီးကြပ်လမ်းညွှန်မှုသင်တန်းကိုလည်း ပံ့ပိုးနိုင်ခဲ့သည်။ ■



## မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ် စနစ်တကျလည်ပတ်လျက်ရှိ

MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးမှုဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ်သည် (၃) နှစ်တာ ကာလအတွင်း မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၃) ရွာတွင် ပုံမှန်ကောင်းစွာလည်ပတ်လျက်ရှိသည်။ ထို့ပြင် မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ကျေးရွာဒေသခံများက အမှိုက်ကောက်သူရဲကောင်း-မင်းဘူး (Trash Hero Minbu) ၏ အမှိုက်ကောက်လှုပ်ရှားမှုများကို ကျေးရွာများနှင့် ထိစပ်နေရာများတွင် အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိသည်။









၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း အေးမြ၊ နန်းဦး၊ အောက်ကျောင်းနှင့် မယ်ဘော့ကုန်းကျေးရွာတို့တွင် ဒေသခံ (၁၄၈) ဦးဖြင့် အမှိုက် (၁၈၅) ကီလို ကောက်ယူခဲ့သည်။ အလားတူ မေလအတွင်း အေးမြ၊ နန်းဦး၊ အောက်ကျောင်း၊ မယ်ဘော့ကုန်းနှင့် လေးအိမ်တန်းကျေးရွာတို့တွင် အမှိုက်ကောက်လှုပ်ရှားမှု (၇) ကြိမ် ပြုလုပ်ခဲ့ပြီး ဒေသခံ (၁၅၈) ဦးက အမှိုက်ကီလို (၁၇၀) ကို ကောက်ယူသိမ်းဆည်းခဲ့သည်။ ရေ၊ သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာ အစီအစဉ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် အခြေခံပညာကျောင်းများတွင် ပံ့ပိုးတပ်ဆင်ခဲ့ပြီးဖြစ်သည့် ရေသန့်စက်နှင့် လက်ဆေးစင်များ ကြံ့ခိုင်မှုအခြေအနေကို CSR လုပ်ငန်းဖွဲ့ဝင်များက ပုံမှန်စစ်ဆေးလျက်ရှိသည်။ ■








စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဇယား

## "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အဖြစ် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးကြိုးပမ်းချက်တွင် အတူတကွပူးပေါင်းပါဝင်

၂၀၂၃ ခုနှစ်၊ ဇွန်လ (၅) ရက်တွင် ကျရောက်သော "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အဖြစ် Trash Hero Minbu အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ရာ မန်းရေနံမြေ၌ ပလတ်စတစ်အမှိုက်များလျော့ချနိုင်ရန် ရည်ရွယ်၍ ပီနံအိတ်တစ်လုံးနှင့် ညီမျှသော ပလတ်စတစ်အမှိုက်အိတ်တစ်အိတ်





ကောက်ယူနိုင်သူတိုင်းကို ရေရှည်ခံပြီး သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် ဘက်စုံသုံးချည်ထည်အိတ်တစ်အိတ်ဖြင့် လဲလှယ်ပေးသည့် အစီအစဉ်တစ်ရပ်ကို မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာ၌ ဆောင်ရွက်ခဲ့သည်။


"ပလတ်စတစ်ညစ်ညမ်းမှုကို အတူတိုက်ဖျက်ကြပါစို့" ဟူသော ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်အတိုင်း MPRL E&P (CSR အစီအစဉ်)၊ Trash Hero Minbu အဖွဲ့နှင့် မန်းရေနံမြေဒေသခံများ ပူးပေါင်း၍ ပလတ်စတစ်အမှိုက်အိတ် (ပီနံအိတ် - ၃၁၃) အိတ်ကို ကောက်ယူနိုင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး ကြိုးပမ်းချက်တွင် တတပ်တအား ပါဝင်ခဲ့သည်။ ■



# MPRL E&P ၏ မန်းရေနံမြေတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် CSR လုပ်ငန်းများကို စာစောင်များ၊ အစီရင်ခံစာများဖြင့် ပြန်ကြားဆက်သွယ်ခြင်း

၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း Insight! သတင်းလွှာ အမှတ်စဉ် (၃၅) ကို ထုတ်ဝေခဲ့သည်။ သတင်းလွှာ တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း MPRL E&P ကုမ္ပဏီများအုပ်စုအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ နည်းပညာဆောင်ပါးများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သတင်းဆောင်းပါးများ၊ လူမှုတာဝန်သိ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရွက်လှေအားကစားဆိုင်ရာ သတင်းဓာတ်ပုံများ၊ ၂၀၂၃ ခုနှစ်၊ မေလတွင် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည် ပြုပြင်နိုင်ရေးအတွက် MPRL E&P ကုမ္ပဏီ၏ ပံ့ပိုးလှူဒါန်း မှုများနှင့် အခြားစိတ်ဝင်စားဖွယ် သတင်းဆောင်းပါးနှင့် သတင်းဓာတ်ပုံများ ဖော်ပြပါရှိသည်။

MPRL E&P ၏ မန်းရေနံမြေတွင်ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံများနှင့် အခြေခံပညာ ကျောင်းများတွင် ရေအရင်းအမြစ်တိုးတက်ရရှိရေးဆောင် ရွက်ချက်များ၊ ဒေသခံများ၏အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုး ရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နှင့် စွမ်းရည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၊ အကြံပြု ဆွေးနွေးခြင်းလုပ်ငန်းစဉ်၊ ဒေသခံများ ဦးဆောင်သည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းများ၊ မန်းရေနံမြေဒေသ တွင်း လိုအပ်ချက်သည့် လုပ်ငန်းနှင့် အချိန်အခါအလိုက် လှူဒါန်းပံ့ပိုးမှုများ၊ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများ ဖော်ပြပါရှိသည်။



*၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် CSR လုပ်ငန်းဆောင်ရွက်ချက် ဆိုင်ရာ ပထမသုံးလပတ် အစီအရင်ခံစာ*




*Insight! သတင်းလွှာ အမှတ် (၃၅) ထုတ်ဝေဖြန့်ချိခြင်း*



*တို့မန်းမြေ သတင်းလွှာ အမှတ် (၉) ထုတ်ဝေဖြန့်ချိခြင်း*

အလားတူ MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်လျက်ရှိသည့် သတ်မှတ်ဘဏ္ဍာရေး နှစ်နှင့် သုံးလပတ်ကာလအလိုက် CSR လုပ်ငန်းဆောင်ရွက် ချက်များသီးသန့် စုစည်းဖော်ပြထားသည့် "တို့မန်းမြေ" သတင်းလွှာ၊ အမှတ် (၉) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ထုတ်ဝေခဲ့သည်။ တို့မန်းမြေ သတင်းလွှာ အမှတ် (၉) တွင် မန်းရေနံမြေဒေသအတွင်း ကျေးရွာအခြေခံအဆောက်အဦ CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ လစဉ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ချိန်နှင့် နှစ်ပတ်လည်အစီရင်ခံစာများဖြင့် သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများထံသို့ ပေးပို့ အစီရင်ခံလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမသုံး လပတ်အတွင်း CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အစီရင်ခံစာကို ထုတ်ဝေခဲ့ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင် သူများထံပေးပို့ခဲ့သည်။ ထို့အပြင် မြန်မာ-အင်္ဂလိပ် နှစ်ဘာ သာဖြင့် အသစ်ရေးသားဖော်ပြသည့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ ပထမသုံးလပတ်အစီရင်ခံစာ တို့ကို MPRL E&P ၏ ဝက်ဘ်ဆိုဒ် စာမျက်နှာ https://mprlexp.com/ တွင် အခြားထုတ်ဝေပြီး သတင်းလွှာများနှင့်အတူတင်ပြ အစီရင်ခံခဲ့ပြီး ဖြစ်သည်။ ■








*ထုတ်ဝေပြီး စာစောင်များနှင့် အစီရင်ခံစာများကို သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ဖြန့်ချိခြင်း*

## သင်္ကြန်ကာလ သက်ကြီးပူဇော်ကန်တော့ပွဲအတွက် လိုအပ်သည်များ အသုံးပြုနိုင်ရန် ပံ့ပိုးလှူဒါန်းခြင်း


MPRL E&P သည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(မန်းရေနံမြေ) ၏ မဟာသင်္ကြန်ကာလ သက်ကြီးပူဇော်ပွဲကန်တော့ပွဲတွင် လိုအပ်သည်များ ပံ့ပိုးထောက်ပံ့နိုင်ရန်နှင့် ကျွေးမွေးဧည့်ခံနိုင်ရန် ကျပ် ၇၀၀,၀၀၀/- (ကျပ်ခုနစ်သိန်း) ကို ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ အလားတူ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရှိ ဝန်ထမ်းမိသားစုများ၏ မဟာသင်္ကြန်အခမ်းအနား ကျင်းပနိုင်ရေးအတွက် ကုမ္ပဏီ၏ ပံ့ပိုးလှူဒါန်းမှုအဖြစ် ကျပ် ၅,၀၀၀,၀၀၀/- (ကျပ်သိန်းငါးဆယ်) ကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ၂၀၂၃ ခုနှစ်၊ ဧပြီလဆန်းတွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ ■

## မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မင်းဘူးခရိုင်အတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁၀ သိန်း ပံ့ပိုးလှူဒါန်း

၂၀၂၃ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်ပံ့ပိုးနိုင်ရန် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ MPRL E&P (CSR အစီအစဉ်) ဖြင့် လှူဒါန်းငွေ ကျပ် ၁,၀၀၀,၀၀၀/- (ကျပ်ဆယ်သိန်း) ကို ၂၀၂၃ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) မှတဆင့် ပေးအပ်လှူဒါန်းခဲ့သည်။ ■

စာမျက်နှာ – ၃ မှ အဆက် ➤


သင်တန်းဆင်းပွဲတွင် သင်တန်းသားများ ကိုယ်တိုင်ရေးဆွဲထားသော ပန်းချီလက်ရာတစ်ခုစီကို ပန်းချီပြခန်းတစ်ခုသဖွယ် ခင်းကျင်းပြသ၍ ကလေးငယ်များ၏ ကြိုးစားအားထုတ်မှု၊ အနုပညာဖန်တီးမှုနှင့် ပန်းချီစွမ်းရည်ကို ဂုဏ်ပြုခဲ့သည်။ ထို့အပြင် သင်တန်းသား (၆၀) ဦး ရေးဆွဲထားသော ပန်းချီများအနက် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသော အကောင်းဆုံးပန်းချီကား (၃) ခုကို သင်တန်းနည်းပြဆရာများက ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ရွေးချယ်၍ ဆုများပေးအပ်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ တက်ရောက်လာသည့် ဒေသခံများ၏ မဲပေးရွေးချယ်မှု ရလဒ်များအရ လူကြိုက်အများဆုံးပန်းချီကားဆုကိုလည်း ချီးမြှင့်ပေးအပ်ခဲ့သည်။




ပထမဆု



ဒုတိယဆု



တတိယဆု



လူကြိုက်အများဆုံးဆု



မန်းကျိုးကျေးရွာသူ မသူနှင်းဆက်က နွေရာသီပန်းချီသင်တန်း အတွေ့အကြုံနှင့်ပတ်သက်၍ “ပန်းချီသင်တန်းမှာ ဆရာဆွဲခိုင်းတဲ့ပုံတွေကို ဂရုတစိုက်လိုက်ဆွဲခဲ့ပါတယ်။ ပန်းချီအိမ်စာတွေလည်း မှန်မှန်လုပ်ခဲ့ပါတယ်။ အခုဆိုရင် ပုံဆွဲတဲ့အခါ အရောင်စပ်နည်း၊ အလင်းအမှောင်ခွဲခြားနည်း၊ အနီးအဝေးခွဲခြားနည်းတွေကို ကောင်းကောင်းနားလည်သဘောပေါက်လာပါတယ်။ သမီးကရှုခင်းပုံရေးဆွဲပြီး ပထမ ဆုရခဲ့တော့ပျော်ပါတယ်။ သူငယ်ချင်းတွေနဲ့ အတူတူ သင်တန်းတက်ရတာမို့လည်း ပျော်ပါတယ်။ MPRL E&P ရဲ့ CSR အစီအစဉ်က ပေးတဲ့ ပုံဆွဲစာအုပ်၊ ပုံဆွဲခဲတံ၊ ပေတံစတဲ့ ပန်းချီဆွဲရာမှာသုံးတဲ့ ပစ္စည်းကောင်းတွေနဲ့ ပုံဆွဲရ၊ ဆေးခြယ်ရလို့ တကယ်သဘောကျပါတယ်။ ပန်းချီသင်တန်းဖွင့်ပေးတဲ့ MPRL E&P ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ် နွေရာသီကျောင်းပိတ်ရက်တွေမှာလည်း သမီးတို့အတွက် အခုလို အကျိုးရှိတဲ့ သင်တန်းတွေ ထပ်ပြီးဖွင့်ပေးစေချင်ပါတယ်” ဟု ပြောသည်။

MPRL E&P ၏ CSR အစီအစဉ်သည် နွေရာသီပန်းချီသင်တန်းမှတဆင့် မန်းရေနံမြေဒေသရှိ ကလေးငယ်များတွင် အနုပညာစွမ်းရည်ကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့သည့်အပြင် ကလေးများ၏ တီထွင်ဖန်တီးမှုနှင့် စိတ်ကူးစိတ်သန်းမျိုးစေ့များကို စိုက်ပျိုးပေးနိုင်ခဲ့သည်။ အလားတူ မန်းရေနံမြေဒေသခံကလေးများသည်လည်း MPRL E&P (CSR အစီအစဉ်) ဖြင့် ဖွင့်လှစ်သော နွေရာသီပန်းချီသင်တန်းတွင် ပျော်ပျော်ရွှင်ရွှင် ပန်းချီသင်လျက် ၎င်းတို့၏ နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိစွာ အသုံးချခဲ့မည်ဟု ယုံကြည်မိပါသည်။ ■



# MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးမှုဖြင့် အောင်မြင်ခဲ့သော မျက်စိခွဲစိတ်ကုသမှု



"မျက်စိခွဲစိတ်ပြီးနောက်ပိုင်း
ကျွန်မသားလေး ပျော်ရွှင်တက်ကြွလာတာ
မြင်ရလို့ ပီတိမျက်ရည်ကျမိတယ်"

ဒေါ်ယွန်းမွန်ဦး

*MPRL E&P ကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် မျက်စိရောဂါ သက်သာပျောက်ကင်းပြီး လူသစ် စိတ်သစ် ဖြစ်လာသော သားဖြစ်သူအတွက် ဝမ်းသာကြည်နူးနေသည့် မယ်ဘော့ကုန်းကျေးရွာသူ ဒေါ်ယွန်းမွန်ဦး၏ ပီတိစကားသံကို တင်ပြထားသော ဆောင်းပါးတစ်ပုဒ်ဖြစ်သည်။*



မောင်ဝေလျှံမိုးဦးသည် အသက် (၄၅) ရက်သားအရွယ်တွင် အပြင်းဖျားပြီးနောက် မျက်စိစွေသည့် အမြင်အာရုံပိုင်းဆိုင်ရာ ပြဿနာကို (၈) နှစ်ခန့် ခံစားခဲ့ရသည်ဟု မိခင်ဖြစ်သူ ဒေါ်ယွန်းမွန်ဦးက ပြောသည်။ မိဘနှစ်ပါးကလည်း သားဖြစ်သူ အမြင်အာရုံ ပြန်လည်ကောင်းမွန်စေရေးအတွက် ဆေးရုံဆေးခန်းများသို့ နှစ်စဉ်ပုံမှန်သွားရောက်ပြသခဲ့သည်။ ဆရာဝန်များကလည်း ဝေလျှံမိုးဦး အသက် (၅) နှစ်ပြည့်လျှင် ခွဲစိတ်ကုသရန် အကြံပြုကြသည်။ သားဖြစ်သူအား မျက်စိခွဲစိတ်ပေးရန် ငွေကြေးစားစုဆောင်းသော်လည်း စားဝတ်နေရေးကျပ်တည်းမှုကြောင့် ခွဲစိတ်နိုင်ရေးမျှော်မှန်းချက်နှင့် အလှမ်းဝေးခဲ့သည်။

"ကျွန်မသားလေးက အလင်းရောင်စူးတဲ့ဒဏ်ကို မခံနိုင်လို့ အပြင်ထွက်တဲ့အခါတိုင်း မျက်စိအမြဲမှိတ်ထားတယ်။ ပြီးရင်လည်း အိမ်ထဲမှာပဲနေတာများပြီး သူ့ကိုယ်သူလည်းသိပ်ပြီး အားရကျေနပ်ဟန်မရှိဘူး။ သူဒီလိုတွေ ခံစားနေရတာ မြင်ရတော့ မိဘတစ်ယောက်အနေနဲ့ တော်တော်စိတ်မကောင်းဖြစ်ခဲ့ရပါတယ်" ဟု မိခင်ဒေါ်ယွန်းမွန်ဦးက ပြောသည်။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် MPRL E&P (CSR အစီအစဉ်) က မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန (မင်းဘူးဆေးရုံ) နှင့်ပူးပေါင်း၍ မန်းရေနံမြေဒေသခံများအတွက် "အမြင်ကြည်လင် ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှု ရှေ့ပြေးအစီအစဉ်ကို စတင်ခဲ့ရာ အဆိုပါအစီအစဉ်ဖြင့် မန်းရေနံမြေဒေသခံ ကျောင်းသား၊ ကျောင်းသူ (၁,၈၄၇) ဦး နှင့် ဆရာ၊ ဆရာမ (၇၄) ဦး မျက်စိစမ်းသပ်စစ်ဆေးခွင့်နှင့် လိုအပ်သည့်ကုသမှုများကို ရရှိခဲ့ကြသည်။ ယင်းတို့အနက် မယ်ဘော့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ယူနေသော ဒုတိယတန်းကျောင်းသား ဝေလျှံမိုးဦးလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။





ကျောင်း၌ပြုလုပ်သော မျက်စိကျန်းမာရေးစစ်ဆေးမှုရလဒ်များအရ ဝေလျှံမိုးဦးအနေဖြင့် မင်းဘူးဆေးရုံ၊ မျက်စိရောဂါကုဌာနသို့ သွားရောက်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်ထံ၌ မျက်စိစစ်ဆေးမှုခံယူရသည်။ ကလေးအနေဖြင့် မျက်စိနှစ်ဖက်လုံး မစွေသွားစေရန်အတွက် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သည်ဟု ဒေါက်တာအိအိအောင်က မှတ်ချက်ပြုခဲ့ပြီး ပိုမိုကောင်းမွန်သောရလဒ်အတွက် ရန်ကုန်မြို့ရှိ မေတ္တာဦးမျက်စိဆေးရုံ၌ ကလေးမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသန်းထွန်းအောင်နှင့် သွားရောက်ပြသရန် အကြံပြုခဲ့သည်။

MPRL E&P (CSR အစီအစဉ်) က ကုမ္ပဏီ၏ မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ နောက်ဆက်တွဲပံ့ပိုးမှုအဖြစ် ဝေလျှံမိုးဦး၏ မျက်စိရောဂါဝေဒနာကို ၂၀၂၃ ခုနှစ်၊ မတ်လ (၁၉) ရက်တွင် ရန်ကုန်မြို့ရှိမေတ္တာဦးမျက်စိဆေးရုံ၌ ခွဲစိတ်ကုသမှုပြုလုပ်ပေးခဲ့သည်။ ခွဲစိတ်ချိန်မှာ နာရီဝက်ခန့်သာကြာမြင့်ခဲ့ပြီး ခွဲစိတ်ကုသမှုခံယူပြီးနောက် ရက်ပိုင်းအတွင်းတွင်ပင် သားဖြစ်သူ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ပြောင်းလဲလာသည်ကို မိခင်တစ်ဦးအနေဖြင့် ကောင်းစွာခံစားမိသည်ဟု ဒေါ်ယွန်းမွန်ဦးက ဆိုသည်။

"အခု မျက်စိခွဲစိတ်ပြီး တစ်လအကြာမှာတော့ သားက အရင်ကလို မဟုတ်တော့ဘူး။ သူများတွေ ကစားနေတာမြင်တာနဲ့ ကစားချင်လွန်းလို့ သူ့ကိုမနည်းထိန်းထားရတယ်။ တစ်လအတွင်းမှာကို သိသိသာသာ ဖွံ့ဖြိုးလာတယ်။ သူ့ကိုယ်သူလည်း လှသွားပြီနော်လို့ပြောပြီး ပျော်နေတယ်။ မျက်စိခွဲစိတ်ပြီးနောက်ပိုင်း ကျွန်မသားလေး ပျော်ရွှင်တက်ကြွလာတာမြင်ရလို့ ပီတိမျက်ရည်ကျမိတယ်" ဟု ဒေါ်ယွန်းမွန်ဦးက ပြောသည်။

ဒေါ်ယွန်းမွန်ဦးက သားဖြစ်သူအား မျက်စိခွဲစိတ်ပေးခဲ့သော MPRL E&P ကုမ္ပဏီနှင့် CSR ဝန်ထမ်းများထံမှ ရရှိသော ဂရုစိုက်မှုနှင့် ပံ့ပိုးမှုများကြောင့်လည်း အလွန်ကြည်နူးခဲ့ရသည်ဟု ပြောသည်။ "MPRL E&P ကုမ္ပဏီက သားကို မျက်စိခွဲပေးမယ်လို့ ပြောတဲ့အခါ ဒီတိုင်းပဲ သူတို့လုပ်စရာရှိတာ လုပ်ပေးတာလို့ပဲ ထင်ခဲ့တာ။ မင်းဘူးကနေ ရန်ကုန်အထိ မျက်စိခွဲစိတ်တဲ့ ခရီးစဉ်ကိစ္စအဝဝကို အပြည့်အဝတာဝန်ယူ ကူညီဆောင်ရွက်ပေးမယ်၊ ဝန်ထမ်းတွေအနေနဲ့လည်း နွေးနွေးထွေးထွေး ပျူပျူငှာငှာ ဆက်ဆံလိမ့်မယ်လို့ အစက မထင်ထားခဲ့ဘူး။

စာမျက်နှာ - ၁၁ ➤

